# နှစ်ရာဆိုင်း

မေတ္တာရှိရင်းစွဲမို့ လွဲနိုင်ပါဘူးရှင်



မေတ္တာရှိရင်းစွဲမို့ လွဲနိုင်ပါဘူးရှင်

အိမ်၊ စား၊ ကာမ၊ ဤသုံးဝကား

နွားနှင့် လူသည်၊ တူ၏ မှန်ပင်......

အကြင်ယောကျ်ား၊ နွားထက်သာပို

ပညာကိုလျှင်၊ တတ်အောင်သင်လော့....

မသင်လတ်ညား၊ ပညာရှားမူ

ထိုသည့်သူကား.......

တူ၏ နွားနှယ် မယွင်းတည်း။ ။

**(အမှာတော်ရေး ဦးရှင်ကလေး၏ လောကနီတိပျို့မှ..........)**

* * *

# အပိုင်း - တစ်

ချစ်တဲ့သူငယ်လေ....

သူငယ်ချင်းကောင်း ယောင်းမတို့လေ....

ငါ့ကိုလွှယ်

အမယ်ကြီးနဲ့ ဘကြီးဖျက်လို့....

အိမ်လေးထောင့်မှာ ဆူးတွေချလျက်

ဖျက်နဲ့ ငယ်မှစေ့စုံ

လေ့ကားခုံမှာ.... ဂဠုန် မောင့်ကြောင့် စောင့်တော့တယ်....။

* * *

၁

"မင်း ငါနဲ့လိုက်ခဲ့တာ အိမ်ကဘာပြောသေးလဲ"

ကျွန်တော် ဇော်မိုး၏ စကားကြောင့် ပြုံးလိုက်သည်။

"ဟ.... အိမ်ကတော့ ဘာသိမလဲကွ၊ ပဲခူးကို ဇော်မိုးနဲ့လိုက်သွားမယ်ဆိုတော့ လိုက်သွားပဲပြောတာပေ့ါ၊ ငါ ဘာကိစ္စနဲ့သွားသလဲဆိုတာ သိတာမှတ်လို့"

သည်တစ်ခါ ဇော်မိုးက ပြန်ပြုံးသည်။

"နို့.... မင်းကကော၊ ဘာကိစ္စနဲ့ ပဲခူးသွားတာလဲ"

"မင်းကြီးဒေါ်ပိုးဖို့လေ"

ခပ်ချဉ်ချဉ်ရှိသဖြင့် ကျွန်တော် ဒီကောင့်ကို တွယ်ထည့်လိုက်သည်၊ ဇော်မိုးကတော့ ရယ်ကျဲကျဲနှင့်....

"ခွေးကောင်"

ပြောနေကျ တီးနေကျမို့သာ တွယ်လိုက်ရသည်။ သူ့အမေးကြောင့် ကျွန်တော့်ရင်ထဲ လှုပ်သွား၏ ။ မျက်လုံးများကလည်း ဟိုးခပ်လှမ်းလှမ်းမှ မြင်နေရသော သာစုကန်ဘုရားဆီ ရောက်သွားသည်။ သာစုကန် ဘုရားကန် ရေပြင်နှင့် တောင်ကုန်းမို့မို့လေးများသည် ရှုခင်းပန်းချီကားတစ်ချပ်လို လှပနေသည်။

"နေပါဦး ဖိုးညိုရ.... စုန္ဒယ်က ဘာဖြစ်လို့ ဒီလောက်တောင် ဖြစ်နေရတာ လဲ"

ကျွန်တော့်မျက်နှာ ကွက်ကနဲပျက်သွားလိမ့်မည်ဟု ကျွန်တော်သိလိုက်သည်။ သို့သော် ကျွန်တော်က ကမန်းကတမ်း ပြုံးလိုက်ယင်း

ပခုံးတွန့်၍ ….

“သူ့အမေ ပေါ့ကွာ”

“ဟ…. သူ့အမေနဲ့ ဘာဆိုင်လို့၊ ဒီအရွယ်မှာ ရည်းစားထားတဲ့ကိစ္စကို ဘယ်သူမှ အမေနဲ့တိုင်ပင်ပြီး လုပ်လေ့လုပ်ထ မရှိပါဘူး”

“မင်းမသိပါဘူးကွာ”

သူ့ကို အရှည်အရှည် ရှင်းမနေချင်တော့သဖြင့် ပတ်တော ပိတ်လိုက်သော်လည်း ကျွန်တော့် နားထဲတွင်….

“အန်တီ ဒေါ်စုစုကြီးက ချစ်စရာကြီးတဲ့” ဆိုသော အသံတစ်ခုက ကျယ်လောင်စွာ မြည်ဟည်း သွားသည်။ ပြီးတော့ တကြောင်းပြီး တကြောင်း အကြောင်းအချက်များ စုဝေးလာသည်။ အားလုံးကလည်း တခုမှ သက်သက်သာသာမရှိ။

“ဒါဖြင့် စုန္ဒယ်ကိုယ်၌ ကကော…. ”

သူ့မေးခွန်းတိုင်းသည် ကျွန်တော့်ရင်ကို ထောက်ခနဲ ထောက်ခနဲ လာတောက်သလိုဖြစ်နေသည်။ ထို့ကြောင့် သက်သာရာသက်သာကြောင်း….

“တော်တော့ကွာ ဇော်မိုး၊ တခြားဟာပြော၊ ငါ ဒီအကြောင်းတွေ ပြန်မတွေးချင်လို့ မင်းနဲ့လိုက်လာတာ ငါ့ကို အသစ်ပြန်မစနေနဲ့”

မျက်မှောင်ကျုံ့ကျုံ့နှင့် မသိမသာ ထန်သွားသော ကျွန်တော့် လေသံကြောင့် ဇော်မိုးက ခေါင်းတဆတ်ဆတ်ညိတ်ယင်း။

“အေးကွာ…. ဆောရီးပဲ၊ တို့ တခြားဟာ ပြောရအောင်၊ ဒီ တိုက်တယ်ကြီးက မကောင်းဘူး”

တခြားဟာ ပြောကြရအောင်ဟု ပြောကြသော်လည်း အတော်ကြာကြာ စကားမပြောဖြစ်။ ကျွန်တော်တို့ စီးလာသော ရန်ကုန် ပဲခူး ဘတ်စ်ကားကြီး၏

ခေါင်မိုးပေါ်မှ စာတမ်းများကိုသာ လျှောက်ဖတ်နေမိသည်။

'လက်မထုတ်ရ၊ ခေါင်းမပြူရ' က အစ….

'ထသွားပြန်ကြည့်၊ ကျန်ရှိပစ္စည်း တာဝန်မယူ'

'အစိုးရတာ းမြစ်ထားသော ကုန်ပစ္စည်းများ တင်ဆောင်ခွင့်မပြု'

'ယနေ့စီးလာ မိတ်သဟာ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ' တို့အဆုံး နောက်ဆုံး ဒရိုင်ဘာရှေ့ အပေါ်ဘက်မှ ဗုဒ္ဓံ၊ ဓမ္မံ၊ သံဃံတောင် မချန်ပဲ အကုန်လျှောက်ဖတ်နေမိသည်။

"ရွှေညောင်ပင် ရောက်တော့မယ်"

ကျွန်တော် ခေါင်းညိတ်ပြလိုက်၏ ။ စုန္ဒယ်အကြောင်းကလွဲလျှင် ဘာအကြောင်းပြောပြော အသင့်ကြိုဆိုနေသူမို့ ဇော်မိုးအား….

"ရပ်သေးလား"

"ပဲခူးကားကတော့ ရပ်ချင်မှ ရပ်တာပဲကွ၊ တခါတလေလဲ နတ်စင်ဝင်ကန်တော့တယ်၊ ခရီးသည်တွေ အပေါ့အပါး သွားချင်ရင်လဲ ရပ်တတ်တယ်၊ အမှန်မရှိပါဘူး"

သူ့စကားတွင် ဘာမှ ဟုတ်တိပတ်တိ ထိခိုက်စရာ မပါသော်လည်း ကျွန်တော့်ရင်ထဲလှုပ်ခနဲ ဖြစ်သွားပြန်သည်။

ကျွန်တော်သက်ပြင်းချလိုက်၏ ။

ရင်ထဲမှာလဲ မလွယ်ပါလားဟု ရေရွတ်လိုက်၏ ။ သည်လိုပုံဆိုယင်တော့ ဘယ်လိုလုပ် မေ့နိုင်မှာလဲဟု တွေးလိုက်မိသည်။

ရွှေညောင်ပင်ရှေ့တွင် ကားကမရပ်ပဲ ဆက်မောင်းသွား၏ ။

"ရှေ့နားမှာ စစ်သဉ်ချိုင်း"

ကျွန်တော်ခေါင်းသာ ညိတ်လိုက်တော့၏ ။ ကျွန်တော်ဘာမှ ပြန်မပြောတော့ ပြတင်းပေါက်မှ တရိပ်ရိပ်ပြေးနေသော ရှုခင်းများကို သတိလက်လွတ် ငေးကြည့်နေယင်း စောစောက ဖော်မိုးစကားထဲမှ စကားလုံးတစ်လုံး ရိုက်ခတ်လာသည်။

"အပေ့ါအပါး သွားချင်ယင်လဲ.... အပေ့ါအပ့ါး သွားချင်ယင်လဲ.... အပေ့ါ"....

*

နှစ်နာရီလောက်က တခါ ကျွန်တော်လန့်နိုး၏ ။

ကျွန်တော့် ခေါင်းရင်းစားပွဲပေါ်မှ နာရီကို လှမ်းကြည့်လိုက်ရာ နှစ်နာရီကို ပြနေ၏ ။ ထို့ကြောင့် မကျေမနပ်နှင့် စောင်ကို ခေါင်းမြီးခြုံပြီး ပြန်အိပ်လိုက်သည်။

ဆောင်းမနက်၏ အအေးဒဏ်ကြောင့် ကျောထဲက စိမ့်လာသည်။

စောင်ကိုကျောပါလုံအောင် ဆွဲယူလိုက်ယင်း ခွေခွေလေးကွေးလိုက်သည်။ လေးနာရီ၏ ထိုးခဲလုခြင်းကို ကျွန်တော် သိပ်သည်းမခံချင်တော့။ ဖြစ်နိုင်လျှင် ခုပဲ အောက်ကို ထဆင်းလိုက်ချင်သည်။ သို့သော် သည်ကြားထဲကပင် ကျွန်တော် ဖြတ်ခနဲ ပြန်အိပ်ပျော်သွား၏ ။

နောက်တခါလန့်နိုးတော့ သုံးနာရီခွဲနေပြီ။

သည်တခါတော့ ပြန်အိပ်၍ မရတော့။

ထို့ကြောင့် အိပ်ရာကထ၍ ချမ်းချမ်းစီးစီးထဲ သွားတိုက်၊ မျက်နှာသစ်

လုပ်နေမိသည်။

မျက်နှာသစ်အပြီး စပို့ရှပ်နှင့် ဘောင်းဘီကိုလဲ၍ ပိုက်၊ ရက်ကက်နှင့် ကော့ဖူးတဖူးဆွဲ၍ ဆင်းလာခဲ့သည်။ ကျွန်တော်တို့ အခန်းက အောက်ထပ်မှာဖြစ်၍ သိပ်အချိန်မယူလိုက်ရ။ နှင်းတောထဲ ကျွန်တော်ရောက်လာသည်။

တိုက်ရှေ့ရောက်ရောက်ချင်း ကျွန်တော်မျက်နှာခြင်းဆိုင်တိုက် အပေါ်ဆုံးထပ် သုံးထပ်ကို လှမ်းကြည့်လိုက်သည်။ အားလုံးငြိမ်သက်နေ၏ ။ အရှေ့အနောက် တန်းနေသော ကျွန်တော်တို့ မျက်နှာချင်းဆိုင် တိုက်နှစ်လုံး၏ အရှေ့ဘက်အရပ်မှ ထိပ်ပိတ်တည်နေသော သုံးထပ်တိုက် အလယ်ထပ်ကိုလည်း လှမ်းကြည့်လိုက်သည်။ ဘာမှ လှုပ်ရှားမှုမရှိ။

ကျွန်တော်ဘာမှ ထပ်မော့မကြည့်တော့ပဲ အလယ်ကွင်းထဲတွင် ပိုက်တပ်ရန်သာ ပြင်ဆင်နေတော့၏ ။ ပိုက်ချိတ်ပြီးသော်လည်း ဘယ်သူမှ ဆင်းမလာသေး။ ထို့ကြောင့် နည်းနည်းပါးပါး သွေးပူလေ့ကျင့်ခန်းလုပ်လိုက်ပြီး ကျွန်တော်တို့တိုက်နှင့် မျက်နှာချင်းဆိုင် စုန္ဒယ်တို့တိုက်ဘက် လျှောက်လိုက်၍ အောက်ထပ်လှေကားတွင် ထိုင်စောင့်နေလိုက်၏ ။

"ကလစ်" ဆိုသော အသံအလေးတခုသည် သတိထားနေသူအတွက် သိသာရုံလေး တိုက်နံရံများတွင် ပဲ့တင်ရိုက်၍ အောက်ကိုဆင်းလာသည်။ ကျွန်တော့် အတွေ့အကြုံအရ သည်အသံသည် သုံးထပ်မှ တံခါးလက်ကိုင်ခလုတ်ကို အသံမထွက်အောင် ကြိတ်ပိတ်လိုက်သံမှလွဲ၍ တခြားမဖြစ်နိုင်။ စုန္ဒယ် ဆင်းလာပြီဟု ကျွန်တော်သိလိုက်၏ ။

"ဒီနေ့ စုန္ဒယ်စောပါလား"

ကိုယ်ကမနေနိုင်၍ အောက်စောဆင်းနေသူ တမျှော်မျှော်နှင့် စောင့်နေရသူ ဖြစ်သော်လည်း ကိုယ့်လိုစော၍ ဆင်းလာသူအတွက်မူ နဲနဲအံ့ဩသွား၏ ။

ခပ်ဖွဖွခြေသံက တဖြည်းဖြည်းနီးလာသည်။

"စောင့်နေတာ ကြာပြီလားဖိုးညို"

ကျွန်တော်ခေါင်းညိတ်ပြပြီး ထရပ်လိုက်၏ ။ ပါးစပ်ကလည်း....

"တို့ အစောကြီး နိုးနေလို့"

"ငုတ်တုတ်ကြီး ထိုင်စောင့်နေတာ မချမ်းဘူးလားဟ"

"နို့ စုန္ဒယ်ကကော ဘာဖြစ်လို့ အစောကြီး ဆင်းလာတာလဲ"

ကျွန်တော့်စကားကြောင့် စုန္ဒယ်က ချစ်စဖွယ်ပြုံးလိုက်ယင်း....

"သူ ပိုက်တပ်နေကထဲက တို့အပေါ်ကကြည့်နေတာ၊ အဲဒါ တယောက်ထဲစောင့်နေရမှာ သနားလို့"

"မသနားပါနဲ့ဟာ၊ တို့ဘာသာ တို့စောင့်တာ ဘာဖြစ်လဲ"

ကျွန်တော် ပက်ခနဲ ပြန်ပြောလိုက်သည်။ ဒီလိုတော့မရ။ သနားသည်ဆိုတာတော့ ဘယ်လိုမှ လက်မခံနိုင်။ ညိုထွန်းနောင်ဆိုသည့်အကောင်က အသနားခံချင်သည့်ကောင်မဟုတ်။

စုန္ဒယ်က ကျွန်တော့်စကားကို ဘာမှမတုန့်ပြန်။ စိတ်ဝင်စားဟန်မပြပဲ....

"ကဲ.... ချမ်းတယ်ဟာ ကစားရအောင်"

"အေး.... ကစားနှင့်မယ်၊ ဆင်ဒီတော့ အအိပ်ကြီးနေပြီထင်တယ်"

"စောသေးတာကိုး၊ ချမ်းလိုက်တာ"

ပြောလည်းပြော၊ ပြုံးလည်းပြုံး၊ ရက်ကက်ကိုလည်း လက်မှာကိုင်၍ လက်နှစ်ဘက်ကို ရင်ညွန့်တွင် ကပ်ထားယင်း ခုန်လည်းခုန်နေသည်။

"လာ စုန္ဒယ်၊ ဝမ်းယပ်ဒ် လုပ်ရအောင်"

သွေးပူလေ့ကျင့်ခန်းနှင့် ခြေလှမ်းကွက်များ အနည်းငယ် လုပ်ပြီးသည့် အချိန်တွင် ပွဲစ၍ ကစားရန် ကျွန်တော် ပိုက်တစ်ဘက်သို့ ငုံ့၍ သွားသည်။ နေရာယူပြီးချိန်တွင် ကျွန်တော်က....

"ဆားဗစ်စ် လုပ်ရအောင်"

ကျွန်တော့်ဘက်က ကစားဖို့ လှုပ်လှုပ်ရှားရှားရှိနေသလောက် မချောက မတုန်မလှုပ်နေသဖြင့် ကျွန်တော်ခပ်ဆတ်ဆတ်လေး ပြောလိုက်သည်။

"လုပ်လေ စုန္ဒယ်"

ပြောလည်းပြော ရက်ကက်ဖြင့် ရှယ်တယ်ကော့ကို ဆတ်ကနဲတော့၍ ဆားဗစ်စ် ပေးလိုက်သည်။

စုန္ဒယ်က ပိုက်ပေါ်မှ ရုပ်တက်လာသော ကြက်တောင်ကို ရက်ကက်ဖြင့်ပင် လှလှလေး ဖမ်းယူလိုက်ပြီး....

"ဖိုးညို.... ခဏ"

ခပ်တိုးတိုးလေသံနှင့်အတူ ကြက်တောင်ကို လက်ဖြင့်ပြောင်းယူလိုက်ကာ ရက်ကက်ဖြင့် လက်ယပ်ခေါ်သလို ခေါ်လိုက်၏။ ကျွန်တော်က သူ့အပြုအမူကြောင့် ပိုက်တန်းကို လက်ဖြင့်မ၍ ခေါင်းငုံ့ကာ သူ့ဘက်ပြန်ဝင်လိုက်သည်။

"ဘာလဲ စုန္ဒယ်"

စုန္ဒယ်က မျက်လုံးကို မသိမသာလွှဲ၍

"တို့ ပစ်စ်လုပ်ချင်လို့"

"ရော်.... "

ကျွန်တော် ခေါင်းကုတ်လိုက်သည်။ ဗိုလ်ဆန်ဆန်ပြောသော်လဲ

သည်အခိပ္ပာယ်ပင်ဖြစ်သဖြင့် မရွှေချော ရှုရှုပေါက်ချင်သည့်စိတ်ကို ကျွန်တော် ဘာလုပ်ရမှန်းမသိ ဖြစ်သွားသည်။

“အိမ်ပေါ် ပြန်တက်မလား”

စုနွယ်က ခေါင်းခါလိုက်၍ ....

“ဟင့်အင်း.... သုံးထပ်ကြီးလဲ ပြန်မတက်ချင်ဘူး၊ အိမ်တံခါးဖွင့်လို့ နိုးကုန်ရင် မာမီဆူမှာလဲစိုးတယ်”

“အဲ.... သေရော.... ဘယ်လိုလုပ်မလဲ၊ ဟိုတိုက်ကြား သွားမလား၊ တို့ ဒီဘက်လှည့်နေမယ်လေ”

သူ့မျက်နှာ ပန်းရောင်ပြေးသွား၍ ....

“အို.... ဘယ်ဖြစ်မလဲ၊ ဘောင်းဘီကြီးနဲ့”

သူ့ အကြောင်းပြချက်က အပြည့်အစုံ မပြောသော်လည်း ရှင်းကနဲဖြစ်သွားပြီမို့....

“တို့အိမ်ကိုသွားမလား၊ အောက်ထပ်မှာပဲ”

သူက မျက်လုံးပုတ်ခတ်ပုတ်ခတ် လုပ်၍ ....

“အင်း.... ”

သည်လိုနှင့် အိမ်ပေါ်ပြန်တက်လာကြသည်။ ကျွန်တော်က အိမ်ရှေ့ ဧည့်ခန်းမီးကို ဖွင့်လိုက်ပြီး ဧည့်ခန်းမှဖြတ်၍ မီးဖိုနှင့် တဘက်စီတည်ရှိနေသော ရေချိုးခန်းနှင့် အိမ်သာကို ခေါင်းဆတ်ပြ၍ ....

“သွားလေ.... ”

စုနွယ်က ကျွန်တော့်ရှေ့တွင် တုံ့ဆိုင်းဆိုင်းနှင့် ရပ်နေသည်။

“သွားလေ စုနွယ်”

မျက်လုံးပုတ်ခတ်ပုတ်ခတ်နှင့် ကျွန်တော့်ဘက်ပြန်လှည့်ပြီး....

"ကြောက်တယ်"

"ရော်"

ကျွန်တော်က သူ့ကိုကျော်၍ မီးဖွင့်ပေးလိုက်သည်။

"အဝမှာ စောင့်နေ"

ကျွန်တော် တံခါးနားတိုး၍ ရပ်ပေးလိုက်သည်။ သတ္တိခဲမကတော့....

"မှတ်ဘူး.... မြင်ရအောင်နေ"

ကျွန်တော် ခေါင်းကုတ်လိုက်သည်။ သို့သော် သည်လိုမှမရှင်းလိုလျှင် ကြက်တောင်ရိုက်စခန်းသို့ ရောက်ပုံမပေါ်တော့သဖြင့် တံခါးဝတွင်ပိတ်၍ ကျောခိုင်းရပ်နေလိုက်သည်။

"မှတ်ဘူးလေ၊ အဲလိုကြီး ပိတ်ရပ်နေတော့လဲ ဘယ်လိုလုပ်သွားမလဲ၊ တံခါးရွက်ကို လက်နဲ့ကိုင်ထား၊ ပြီးတော့ ကိုယ်ကိုတံခါးနဲ့ကွယ်ပြီး ဟိုဘက်လှည့်နေ"

"အိုကေ.... "

ကျွန်တော် သူပြောသည့်အတိုင်း လုပ်လိုက်ပါ၏ ။ မထူးဆန်းသော်လည်း ထူးဆန်းသော အာရုံတခု ကျွန်တော်ရလိုက်သည်။

သည်တုန်းက စုန္ဒယ်လည်း မရှက်တတ်သေး၊ ကျွန်တော်လည်း မချစ်တတ်သေးချေ။

*

လှည်းကူးမြို့သို့အဝင် ကားလမ်း၏ မြောက်ဘက် ကျွန်တော်ထိုင်နေသည့်ဘက်တွင် ရှိနေသည့် မြို့ရှုခင်းများကို ကျွန်တော် အဓိပ္ပါယ်မဲ့ ငေးလာခဲ့သည်။ နိဗ္ဗာန်ဆိပ်ဦး မြတ်စွာဘုရား မဟာမုနိရုပ်ပွားတော် ဆိုသော ဆိုင်းဘုတ်မှ စာလုံးများကို ကျွန်တော်စာလုံးပေါင်းဖတ်နေစဉ်....

"သူ့သူငယ်ချင်းဆိုတာကကောကွ"

ကျွန်တော်ပြုံးလိုက်မိ၏ ။ သို့သော် သူ့ကိုတော့ ကျွန်တော်မဟန့်တားတော့၊ သည်ကိစ္စကို အကြောင်းပြု၍ ထွက်လာမှတော့ သည်အကြောင်းကို မမေးမပြောရန် ပိတ်ဆို့ဖို့မလွယ်မှန်း ကျွန်တော်သိပါသည်။ ကျွန်တော်သူ့ဘက်လှည့်၍ ခပ်ဖြည်းဖြည်းခေါင်းခါရင်း....

"ငါလဲ မသိဘူး"

"အေး.... ကောင်းတယ်"

ဆတ်တောက်သော သူ့လေသံက ပြတ်သွားသည်။ ကျွန်တော်လည်း ပြတင်းပေါက်ဘက်ပြန်လှည့်၍ လမ်းဘေးအိမ်များကိုသာ ငေးနေမိသည်။

*

နေကျနေပြီဖြစ်သဖြင့် ကျွန်တော်တို့အရိပ်များ ရှည်လျားစွာကျနေသည်။

ကျွန်တော်က အရိပ်များကို စူးစူးစမ်းစမ်း လှမ်းကြည့်လိုက်သည်။ နေရောင်ကြောင့် အရိပ်များက သွယ်သွယ်လျားလျားကြီး ရှည်နေသော်လည်း ခပ်ပုပု စုန္ဒယ်အရိပ်မှာ ခပ်ရှည်ရှည် ကျွန်တော်နှင့် ဆင်ဒီတို့ အောက်တွင် ပုမြဲပုနေသည်။

ကျွန်တော်က သူတို့နောက်က လျှောက်နေသူ ဖြစ်သဖြင့် အရိပ်မှ အကြည့်တို့ကို သူတို့နှစ်ဦးထံသို့ ရွှေ့ယူလိုက်သည်။ အားကစားဝတ်စုံထူအနီကို ဝတ်ထားကြသဖြင့် သူတို့နှစ်ဦး၏ အသားအရောင် နှစ်ခုကလည်း ကွဲကွဲပြားပြား ပေါ်လွင်လာသည်။ စုန္တယ်က မိန်းကလေးအများစု အရပ်မျိုး ခပ်ပုပု၊ ပြီးတော့ အသားကခပ်ညိုညို၊ ဆင်ဒီက အများစုမိန်းကလေးများနှင့်ယှဉ်လျှင် အရပ်ရှည်သည်ဟု ယူဆရမည့် အရွယ်၊ အသားကခပ်ဖြူဖြူ၊ ဖွံ့ထွားမှုခြင်းမှာလည်း အနည်းငယ်ကွာသည်။ ဆင်ဒီက ကျွန်တော်တို့ နှစ်ယောက်ထက် အတန်းငယ် တစ်နှစ်ငယ်သော်လည်း စုန္တယ်နှင့် ယှဉ်လိုက်လျှင် ပို၍ ဖွင့်ဖြိုးသည်။ ပြည့်ရမည့် နေရာများ၌ ပြည့်နေမှုက သိသာသည်။

မျက်နှာချင်းယှဉ်လျှင်လည်း စုန္တယ်က ဆင်ဒီလောက်မလှ၊ ဆင်ဒီက ခရစ်တော်၏ သမီးငယ်ပီပီ အဖြူနှင့်အလှမှာ သာသည်။ သိုးဆောင်းအနွယ်ဘက် အနည်းငယ်လုသလိုဖြစ်နေသဖြင့် အလှတစ်ခုစီမှာ ပီသသည်။ စုန္တယ်က ညိုသောဘက်တိမ်းနေသဖြင့် ဆင်ဒီအနားတွင်ဆိုလျှင် မသိမသာ မျက်နှာငယ်နေသည်။

နှစ်ယောက်စလုံး တူသောအချက်ကတော့ တိုသော ဆံပင်ဖွဖွများကို လှုပ်ရမ်း၍ ရယ်မောတတ်ခြင်းနှင့် ငဲ့လိုက်တိမ်းလိုက်လုပ်၍ စကားပြောတတ်ခြင်းပင်။

အာဇာနည်ကုန်းရှေ့မှဖြတ်၍ ဘုရားတန်ဆောင်းအရောက်တွင် သံပုရာရည် ဝင်သောက်သည်။ သည်သံပုရာရည်သောက်ခြင်းသည် နောင်သောအခါ ထုံးစံဖြစ်၍ ကွင်းက အပြန်တခေါက်၊ ကွင်းသို့ အသွားတခေါက် သောက်နေကျ ဖြစ်သွားသည်။

သံပုရာရည် သောက်နေကျ ထုံးစံဖြစ်သွားသလို အခြားထုံးစံတခု ဖြစ်သွားတာလည်းရှိသည်။ ကုန်းတော်ပေါ်ရောက်လျှင် လက်ပက်လက်ထားတော်မူသည့် ဘုရားရှေ့တွင် အမြဲတမ်း ဝင်၍ အပြန်တွင်

ဝတ်ပြုကြခြင်းပင်။

သည်မှာ ဆင်ဒီနှင့်ပတ်သတ်၍ တသက်လုံး မမေ့စရာ ဖြစ်ရပ်လေးတစ်ခု ဖြစ်သွားသည်။ ကျွန်တော်တို့ ယခု ပထမဆုံးအခေါက် မှတ်တမ်းရုံး ကြက်တောင်ရုံတွင် ကြက်တောင်ရိုက်ရန် သွားကြစဉ်က စဖြစ်သည်။ ကြက်တောင်ရိုက်အပြီး ဘုရားပေါ်က ဖြတ်ပြန်လာစဉ် လက်ပက်လက်နှင့် ဘုရားရှေ့ ရောက်သောအခါ ကျွန်တော်ကပင် စပ်စပ်စုစုလုပ်၍ ....

"ဘုရားကန်တော့ရအောင်"

ဖြတ်ကနဲ ဆင်ဒီမျက်လုံးများ ကျွန်တော်ဆီ ရောက်လာသည်။ ကျွန်တော်စိတ်ထဲ သည်တော့မှ အမှတ်ရလိုက်၏ ။ သည်အဖော်စပ်မှုထဲတွင် ဆင်ဒီမပါဝင်နိုင်ပါလား။

"ကောင်းသားပဲ၊ လာလေ"

စုန္ဒယ်ဆီမှမူကား သွက်သွက်လက်လက် လေသံပေါ်လာ၍ ရင်ပြင်ပေါ်တွင်ပင် ကန်တော့ရန် မီးပူဇော်သည့် နေရာဘက်သို့ လှမ်းလိုက်သည်။

"မှုတ်ဘူး စုန္ဒယ် ဒီပေါ်မှာ ကန်တော့မယ်"

စုန္ဒယ် နှုတ်ခမ်း မသိမသာစူပုံပေါက်၍ ....

"ဘုုရားပေါ် အတူတူများ နေရာရွေးနေရသေးတယ်"

ကျွန်တော်ပြုံးလိုက်မိ၏ ။ သည်အတွက်တော့ ပညာပေးလိုက်ဦးမှဟူသော ရည်ရွယ်ချက်ဖြင့်....

"မဟုတ်ဘူး၊ ဒီတန်ဆောင်းပေါ်က ဘုရားက ပိုဆုတောင်းပြည့်တယ်"

စုန္ဒယ်က ဟက်ဟက်ပက်ပက် ရယ်ချလိုက်ပြီး....

"တောက်တီးတောက်တဲ့ ဖိုးညိုရာ၊ ဘုရားချင်း အတူတူ"

“ဟ…. တူမလားဟ၊ ထုထားတဲ့ ရုပ်ပွားတော်ပုံစံကိုက အဓိပ္ပါယ်အများကြီးရှိတယ်။ ဒီရုပ်ပွားတော်က လက်ပက်လက်နဲ့ ကြည့်ပါလား၊ အဲဒါ တောင်းတဲ့ဆုကိုပေးဘို့ လက်ဖြန့်ထားတဲ့ အဓိပ္ပါယ်၊ ဒီဘုရားမှာ တောင်းတဲ့ဆု အကုန်ပြည့်တယ်”

ကျွန်တော့် ရှည်ရှည်လျားလျား လေကြောကို စုန္ဒယ်က ပြုံးစေ့စေ့နှင့် နားထောင်နေသည်။ ဆင်ဒီကမူ မျက်လုံးအဝိုင်းသားနှင့် အံ့သြတကြီးနားထောင်နေ၏ ။

“တကယ်…. ”

စုန္ဒယ်က ကျွန်တော် ဖြီးနေသည် ထင်သလားမသိ၊ မယုံမကြည် “တကယ်” လုပ်လိုက်သည်။

“သိပ်သေချာတာပေ့ါ၊ ဘုရားပေါ်မှာ လက်ပက်လက်နဲ့ဘုရား တခြားဘယ်နှစ်ဆူများ တွေ့ဘူးလို့လဲ”

သည်စကားကတော့ ကျွန်တော့် ထင်ကြေးနှင့် ရမ်းတွယ်လိုက်ခြင်း ဖြစ်သည်။ ရှားတော့ရှားမှန်းသိသည်။ သို့သော် ကျွန်တော့်အဆွယ်ကောင်းမှုကြောင့် စုန္ဒယ်၏ ပြောင်စပ်စပ် အပြုံး ပျောက်သွားပြီး….

“ဒါဆို တို့ကံကောင်းတာပဲ၊ တို့ဆုတောင်းချင်စရာတွေ ရှိတယ်”

ဆို၍ တန်ဆောင်းပေါ်တက်ပြီး ကျကျနန ဝတ်ပြုရန် ပြင်တော့သည်။ ကျွန်တော်က ဆင်ဒီကို “ခဏနော် ဆင်ဒီ” ဟုပြောပြီး စုန္ဒယ်ဘေးတွင် ဝင်ထိုင်၍ လက်အုပ်ချီလိုက်သည်။ ပြီးတော့ အားတုံ့အားနာနှင့် ဆင်ဒီကို လှည့်ကြည့်လိုက်သည်။ ဆင်ဒီ ကျွန်တော်တို့နှစ်ယောက်ကို ငေးငေးကြည့်နေပြီး ဘာမပြော ညာမပြော ကျွန်တော့ဘေးတွင် ဝင်ထိုင်၍ သူပါ လက်အုပ်ချီကန်တော့ တော့သည်။

ကျွန်တော် အံ့အားသင့်သွားသော်လည်း ဝတ်ပြုနေသည့် အာရုံမပျက်ရန် ဘာမှမပြောတော့ပဲ ဘုရားကို ဦးချ၍ ဆုတောင်းလိုက်သည်။

"တပည့်တော် စာမေးပွဲအောင်ပါစေ အရှင်ဘုရား"

ဆုတောင်းအပြီး ဘုရားကို ဦးချ၍ ကန်တော့အပြီး နားထဲတွင် စုန္ဒယ်၏ အံ့အားတသင့် လေသံကို ကြားလိုက်ရ၏ ။

"ဟင်.... ဆင်ဒီ၊ နင်ဘုရားရှိခိုးတယ်"

ဆင်ဒီက ဘာမှမပြောဘဲ ပြုံးနေသည်။

"နင်.... အပြစ်မဖြစ်ဘူးလား"

ဆင်ဒီက သိပ်လေးလေးနက်နက် မထားသောလေသံဖြင့်

"ဘုရား ရှိခိုးတာ အပြစ်ဖြစ်မလားဟ"

"မှတ်ဘူးလေ၊ ဒါက ဗုဒ္ဓဘာသာဘုရား"

ကျွန်တော်ကမူ ဆင်ဒီ အဖြေကိုသာ တိတ်တိတ်ဆိတ်ဆိတ် နားထောင်နေလိုက်၏ ။ ဆင်ဒီကမူ ခပ်အေးအေးပင်....

"ဘုရားဆိုတာ နောက်ဆုံးတော့ တခုထဲပါပဲ စုန္ဒယ်ရာ"

သူ့စကားက ဘာမှ ထပ်ကွန့်စရာမလိုအောင် ပြည့်စုံနေသဖြင့် ကျွန်တော် ဘာမှထပ်မပြောတော့။

သည်ထုံးစံလေးက သည်မှအစပြု၍ နောင်အရှည်ဖြစ်ခဲ့သလို ရံဖန်ရံခါလည်း ကျွန်တော်တို့ ဆင်ဒီနှင့် ဘုရားရှိခိုးကျောင်းလိုက်၍ ဆင်ဒီနှင့်အတူ ရှိခိုးဖြစ်ကြသည်။

ဤမျှအသိပြည့်သော ဆင်ဒီသည် တခါတရံ ကြက်တောင်ကွင်းမှအပြန် သံပုရာဆိုင်မှအထွက်တွင် ရှေ့မှထွက်သွားသော သူ့ကိုအမှီမလိုက်ပဲ ကျွန်တော်နှင့်

စုန္ဒယ်တို့ နှစ်ယောက်တည်း နောက်ချန်၍ စကားပြောပြီး လိုက်လာပါက နှုတ်ခမ်းစူ၍ စိတ်ကောက် ရန်တွေ့တတ်လေ၏ ။

သည်တုန်းက ကျွန်တော်တို့ သုံးယောက်သည် သူငယ်ချင်းများ ဖြစ်ကြ၏ ။

*